# ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ်
# င/မဲပြင်ကျေးရွာအုပ်စု၊ င/မဲပြင်ကျေးရွာ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ င/မဲပြင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြောက်ဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)




ဧပြီလ၊ ၂၀၂၀

## မာတိကာ


| စဉ် | အကြောင်းအရာ | မှတ်ချက် |
| --- | --- | --- |
| | ကျေးရွာ၏ သယံဇာတမြေပုံ၊ မြောက်ဦးမြို့နယ် | |
| ၁။ | တည်နေရာနှင့်ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| | နောက်ဆက်တွဲ | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂) | |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃) | |

)

# င/မဲပြင်ကျေးရွာ အခြေပြမြေပုံ



## င/မဲပြင်ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝရင်းမြစ်များ

### ၁။ တည်နေရာနှင့်ပထဝီဝင် အနေအထား

င/မဲပြင်ကျေးရွာသည် မြောက်ဦးမြို့နယ် အနောက်မြောက်ဘက်တွင် တည်ရှိသည့် ကျေးရွာတစ်ဖြစ်ပါသည်။ ကျေးရွာ၏အရှေ့နှင့် အနောက် ၃၂၀၀ပေနှင့် တောင်နှင့်မြောက် ၁၂၀၀ပေခန့် ကျယ်ဝန်းပါသည်။ မြောက်ဘက်စူးစူးတွင် ခဲမောင်တက်ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် တန်းပျင်းကြီး ကျေးရွာ၊ တောင်ဘက်တွင် ပါးတော်ကျေးရွာတို့တည်ရှိပါသည်။ ကျေးရွာ၏လမ်းပန်း ဆက်သွယ်ရေးမှာ ကုန်းလမ်းကိုအဓိကအသုံးပြုကြရပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တစ်နှစ်လျှင် မိုးရေချိန်လက်မ(၁၅၇.၀၃)ခန့်ရရှိပြီး အဓိကကွမ်းသီးဥယာဉ်ခြံ စိုက်ပျိုးနိုင်သော ကေ(၂၀၀)ရှိပြီး မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၂၅၀)ကေ ရှိပါသည်။ကျေးရွာအနီးတွင် စားကျက်မြေ (၈)ကေရှိပါသည်။ ကျေးရွာအနီးတွင် တနိုင်တပိုင် ငါး၊ပုစွန်များရှာဖွေနိုင်သော မြစ်ချောင်းများရှိပြီး ဆောင်သီးနှံစိုက်ပျိုးရန် ရေအရင်းအမြစ်မရှိ၍ မလုပ်ကိုင် နိုင်ကြပါ။မေလနှင့် အောက်တိုဘာလများတွင် ဘင်္ဂလားပင်လယ်အော်မှ အပူပိုင်း မုန်တိုင်းကျရောက်တတ်သဖြင့် ပင်လယ်ကမ်းခြေ ဒေသများသာမက မြေနိမ့်ပိုင်း ဒေသနေထိုင်သူများမှာ မုန်တိုင်းအန္တရာယ် ဆိုးကျိုးများကို ရံဖန်ရံခါခံရတတ်ပါသည်။မိုးများသည့် ပင်လယ်ကမ်းရိုး တန်းဒေသဖြစ်ပြီး ခြောက်သွေ့ရာသီတွင် သောက်သုံးရေခက်ခဲမှု ကြုံတွေ့တတ် ရပါသည်။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း သာမန်အားဖြင့် သာရေးနာရေးအဖွဲ့၊ ကျောင်းတကာအဖွဲ့၊ လူပျိုအပျိုအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လယ်သမားအဖွဲ့စသည့် သက်ဆိုင်ရာလုပ်ငန်း တာဝန်များဖြစ်သော ဘာသာရေးလုပ်ငန်း၊ ငွေကြေးထောက်ပံ့ပေးသည့်လုပ်ငန်း၊

ကျန်းမာရေးလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းကို ထောက်ပံ့ဆောင်ရွက်ပေးသည် လုပ်ငန်းတာဝန်များကို ကူညီဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော ကျေးရွာပြင်ပအဖွဲ့အစည်းများမှာ ရခိုင်အားမာန်အဖွဲ့ (ငွေကြေး ထောက်ပံ့)နှင့် RI(Relif International) (ကျန်းမာရေး)တို့ ကူညီဆောင်ရွက် လျက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ ကွမ်းသီးဥယာဉ်ခြံလုပ်ငန်းနှင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ လယ်ယာမြေ ဧက(၂၅၀) နှင့် ကွမ်းသီးဥ ယာဉ်ခြံမြေဧက (၂၀၀) ရှိပြီး စားကျက်မြေ (၈)ဧက တို့ဖြစ်ကြ ပါသည်။ ကျေးရွာရှိအိမ်ထောင်စု (၂၇၅)စုမှ မြေယာမဲ့အိမ်ထောင်စု(၂၁၅)စုနှင့် မြေယာပိုင်ဆိုင်မှုအိမ်ထောင်စု (၆၀)စုသာရှိပါသည်။ကျေးရွာတွင် ရေသွင်းစိုက်ပျိုးရန် ဆည်မြောင်းရေမရရှိနိုင်ခြင်း၊စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြင်း နည်းပါးခြင်း၊ ငွေကြေးအရင်းအနှီး အလွယ်တကူမရနိုင်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးမပြုနိုင်ခြင်း တို့ဖြစ်ပါသည်။ စပါးတစ်ဧကအထွက်နှုန်းပျှမ်းမျှ တောင်း(၁၃၀)ခန့် ရရှိပြီး အကျိုးအမြတ်ရရှိနိုင်မှု အလယ်အလတ်အဆင့်သာ ရှိပါပြီး ကွမ်းသီးတစ်ဧက အထွက်နှုန်းပျှမ်းမျှ မောင်း(၁-မောင်း=၂၅ပိဿာ) (၁၂)မောင်းခန့်ရရှိပြီး အကျိုးအမြတ် ရရှိနိုင်မှု အလယ်အလတ်အဆင့်သာ ရရှိပါသည်။ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းအသုံးပြုမှုများရှိပြီး တစ်ဦးချင်းပိုင် ရေစုပ်စက် (၃)လုံးနှင့် မြက်ရိတ်စက် (၁၇)လုံးရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးသမားအနေဖြင့် စိုက်ပျိုးရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များရှိကြသည်။

(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု(၁၅)စုမှာ နွားကောင်ရေ (၃၆)ကောင် ဖြင့် တနိုင်တပိုင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးချလျှက်ရှိပါသည်။ ကျေးရွာတွင် တနိုင်တပိုင် စက်၊ ကြက်၊ ဘဲ လုပ်ငန်း လုပ်ကိုင်သူ မရှိပါ။ ကျေးရွာတွင် စားကျက်မြေ (၈)ဧကရှိပါသည်။ ငါး/ပုစွန်မွေးမြူရန်အတွက် ရေမြေအနေအထား မကောင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် (နေ့စား) ကျား အများဆုံးဝင်ငွေမှာ (၆၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးဝင်ငွေမှာ (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတွင် (နေ့စား) ကျား အများဆုံးဝင်ငွေမှာ (၇၀၀၀)ကျပ်နှင့် အနည်းဆုံးဝင်ငွေမှာ(၆၀၀၀)ကျပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ သင်တန်းများနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရှိနိုင်ခြင်းနှင့် နေမြေဒေသအခြေအနေအရ အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးမှုကြောင်း အိမ်ထောင်စုအများစုမှာ မိသားစုစားဝတ်နေရေး အတွက် အခက်အခဲများစွာ ရင်ဆိုင်နေရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးလက်နေပြည်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်းနှင့် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းအဖွဲ့များသို့ ချေးငွေထုတ်ချေးခြင်းတို့သည် အဓိကချေးငွေရရှိရာလမ်းကြောင်းများ ဖြစ်သည်။ မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်နှင့် အတိုးနှုန်း(၈၀)ပြားဖြင့် ငွေထုတ်ချေးပေးလျှက်ရှိပါသည်။ တောင်သူလယ်သမားများ သာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ–တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာနှင့်မြို့မဈေးအကွာအဝေးမှာ (၁၁)မိုင်ကွာဝေးပြီး ဈေးဝန်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အနီးဆုံးဈေးနှင့်အကွာအဝေးမှာ (၅)မိုင်ကွာဝေးပြီး ပစ္စည်းများစုံလင်စွာမရရှိနိုင်ပါ။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအပိုင်တွင် ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်များကိုသာ အများအသုံးပြုကြပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေး ကို အသုံးပြုသူ အသင့်အတင့်ရှိပါသည်။ ကွမ်းသီးဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူအများစုမှာ စက်လှေ၊လှေများအသုံးပြုကြပါသည်။ကျေးရွာတွင်းလမ်းအမျိုးအစားမှာ ကျောက်ခင်းလမ်း ဖြစ်ပြီး ပွင့်လင်းရာသီမှသာ သွား/လာ၍အဆင်ပြေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိပါ။ တနိုင်တပိုင် ဆိုလာစနစ်ဖြင့် အိမ်ထောင်အများစု (၂၄၀)ဝန်ကျင်အသုံးပြုနိုင်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်းများ အသုံးပြုနိုင်သော အိမ်ထောင်စုများမှာ ဆက်သွယ်ရေးနှင့် အသင်းအချက်အလက်ဆိုင်ရာများ အသင့်အတင့်သာ ရရှိကြပါသည်။

**၆။ ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက် ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ကျေးရွာအဆင့်ကျောင်းမှာ မူလတန်းကျောင်းသာဖြစ်ပြီး ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/မလုံလောက်ခြင်းနှင့် ကျောင်းဆရာ/မ နေအိမ်အဆောင်များမရှိခြင်းတို့ တွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာသူ/သားများသည် ကျန်းမာရေးကောင်းမွန်ကြပြီး ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုး နှံမှုများလည်း ရှိပါသည်။မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ် ကွေးဖြစ်ပွားတတ်ပြီး၊ အသက်ကြီးရွယ်အိုပိုင်းတွင် ဆီးချိုနှင့်တီဘီရောဂါများ ဖြစ်ပွားမှုနှုန်း များပြားပါသည်။ အိမ်ထောင်စုအများစုမှာ မိသားစုဝမ်းစာအတွက် ကျပန်း အလုပ်လုပ်ကိုင်ရပြီး ကလေးသူငယ်များ အာဟာရချို့တဲ့မှု အနည်းငယ်သာရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျေးရွာတွင် သားဖွားဆရာမတစ်ဦးရှိပါသည်။ ကျေးရွ့ာသူ/သားများရေသုံးစွဲမှုမှာ ရေကန်ကိုအသုံးပြုပြီး ရေအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အိမ်ထောင်စုအများစုမှာ ယင်လုံအိမ်သာသုံးစွဲမှု နည်းပါသည်။

**(က) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် ကွမ်းသီးခြံနှင့် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ဓါတုပစ္စည်းများ အသုံးပြုရသောကြောင့် လယ်ယာလုပ်ငန်းတွင် မြေဆီလွှာပျက်ယွင်းမှုများ ရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် အသိပညာပေးဆောင်ရွက်ခြင်းများ အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများထက် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော ရေခပ်၊ ထမင်းချက်၊ ကလေးထိန်း၊ အဝတ်လျှော်ခြင်းစသည့်ကိစ္စများ ဆောင်ရွက်ပါသည်။ ဘာသာရေးကိစ္စများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။လယ်ယာလုပ်ငန်းတွင် အမျိုးသားဝင်ငွေထက် အမျိုးသမီးဝင်းငွေ နည်းပါးသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်လှုပ်ရှားမှုရှိနိုင်ရန် ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားထက်ဝက်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေ ပါမည်။ ကျား-မဆိုင်ရာ တန်းတူညီမျှမှုကိစ္စရပ်များအတွက် မိသားစုနှင့်ကျေးလက် လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

***နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း***

***နောက်ဆက်တွဲ ၂။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ***

***နောက်ဆက်တွဲ ၃။ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား***

***နောက်ဆက်တွဲ ၄။ ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)***

***နောက်ဆက်တွဲ ၄။ ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)***

***နောက်ဆက်တွဲ ၄။ ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)***